# စီးပွားရေးကပ်ကပေးတဲ့ နိုင်ငံရေးသတိ

၂၀၀၈ ခုနှစ်ရောက်တော့ ကမ္ဘာနဲ့ချီတဲ့ ဘဏ္ဍာရေးကပ်ကြီး ဖြစ်နေပါလားဆိုတဲ့အသိ လူတွေမှာ ရရှိလာတယ်။ ၂၀၀၄ ခုနှစ်လောက်ကပဲ ကမ္ဘာ့စီးပွားရေးကပ်ဆိုတာ မဖြစ်နိုင်တော့ပါဘူး၊ အရင်းရှင်စနစ်က ကာကွယ်နိုင်၊ ရှောင်လွဲနိုင်ပါတယ်လို့ စီးပွားရေးပညာရှင်တွေက ပြောခဲ့ကြတယ် မဟုတ်ပါလား။ အရင်းရှင်စနစ်ကို ရှေ့နေလိုက်ပြောတယ်ရယ်လို့တော့ မဟုတ်ပါ။ သဘောတရားတွေ၊ အထောက်အထားတွေနဲ့ ပြောခဲ့ကြတာပါ။

ကမ္ဘာ့စီးပွားရေးကို အရှိန်အဟုန်မြှင့်ပေးခဲ့တဲ့ ဂလိုဘယ်လိုက်ဇေးရှင်းဆိုတဲ့အရာကပဲ စီးပွားရေးကပ်၊ စီးပွားရေးပြိုလဲမှုကို မွေးထုတ်လိမ့်မယ်လို့ လူအများက မထင်ခဲ့ကြပါ။ အခုတော့ ဖွံ့ဖြိုးမှုဂလိုဘယ်လိုက်ဇေးရှင်းအဖြစ်က ကပ်ဆိုက်မှုဂလိုဘယ်လိုက်ဇေးရှင်း၊ မီးခိုးကြွက်လျှောက် ကပ်ဆိုက်ခြင်းအဖြစ် ရောက်သွားတာပါ။

စီးပွားရေးကပ်ဆိုတာ အရင်းစစ်လိုက်ရင် အရင်းရှင်စနစ်အတွင်း ကုန်စည်စုပုံမှု၊ အရင်းစုပုံမှု (ဆင်းရဲမွဲတေသူများ စုပုံမှု) တရားလွန် မထိန်းနိုင်မသိမ်းနိုင် ကြီးမားလာလို့ ဖြစ်လာရတာပါ။ အခုလိုကာလမှာ "အရင်းရှင်စနစ်ဟာ ကပ်တွေ ပုံမှန်ကြုံနေရလိမ့်မယ်" လို့ ပြောခဲ့တဲ့ ကားလ်မာ့က်စ်ရဲ့ ဘောဂဗေဒကျမ်းများ အရောင်းသွက်လာပါတယ်။ သူပြောခဲ့တာ ဟုတ်သားပဲလို့ ပညာရှင်အများအပြားက အသိအမှတ်ပြုလာကြပါတယ်။

အခုကပ်ဟာ ၁၉၃၀ ပြည့်လွန်နှစ်များက ပေါ်ခဲ့တဲ့ကပ်လောက် ကြီးမားတယ်လို့ ဆိုပါတယ်။ အဲဒီတုန်းက ကပ်ကိုကျော်ဖို့ ကိုယ်ကျိုးစီးပွားကာကွယ်တဲ့ ပေါ်လစီကို စီးပွားအင်အားကြီးနိုင်ငံတွေ ကျင့်သုံးခဲ့ကြရာက အခြေအနေပိုဆိုးလာကာ ဒုတိယ ကမ္ဘာစစ်ကြီးရယ်လို့ ဖြစ်လာရတယ်ဆိုတာ လူအများ လက်ခံပြီးသားပါ။ စီးပွားရေးချင်းတိုက်လို့ မပြေလည်တော့၊ လူချင်းချကြတာပါ။ လက်ဝါးကြီးအုပ် အရင်းရှင်လူတန်းစားချင်း ချကြတာပါ။ ဒါမျိုး နောင်မဖြစ်ရအောင် GATT တို့၊ အဲဒီကတဆင့် WTO တို့လို ကမ္ဘာ့စီးပွားရေးဆိုင်ရာ အဖွဲ့အစည်းတွေ ဖွဲ့ခဲ့ကြတာပါ။

၂၀၀၈၊ ၂၀၀၉ ခုနှစ်အတွင်း G20 အစည်းအဝေးနဲ့ တခြားစီးပွားရေးထိပ်သီးအစည်းအဝေးတွေမှာ ခေါင်းဆောင်ကြီးများက ဘယ်လိုပဲဖြစ်ဖြစ် ပိတ်ဆို့ကာဆီးတဲ့ ကုန်သွယ်ရေး သို့မဟုတ် ကိုယ်ကျိုးစီးပွားကာကွယ်ရေးဝါဒကို အားမပေးပါ၊ မကျင့်သုံးပါလို့ ကတိတွေပေးကြ၊ သတိတွေပေးကြပါတယ်။ ဒါပေမဲ့ အိမ်ပြန်ရောက်တာနဲ့ သွင်းကုန်ကန့်သတ်တဲ့ ဆုံးဖြတ်ချက်အပါအဝင် ကိုယ်ကျိုးစီးပွားကာကွယ်ရေးဆန်တဲ့ ပေါ်လစီတွေ ချမှတ်ကြတော့တာပါပဲ။ ငွဲဝမ်းပူဆာမနေသာကြတော့ပြီပဲ။ WTO လည်း မတတ်နိုင်။ 'ငွဲဝမ်း' ဆိုတာ လက်ဝါးကြီးအုပ်ဘဏ္ဍာအရင်းရှင်လူတန်းစားရဲ့ဝမ်းကို ဆိုလိုတာပါ။ အရင်းစီးဆင်းမှု၊ ကုန်စည်စီးဆင်းမှုတွေ၊ ဘဏ်စနစ်တွေ ဖရိုဖရဲဖြစ်သွားကြတယ်။ အမြတ်နှုန်းတွေ ကျသွားတယ်။ 'ငွဲဝမ်း' က ဒီဒဏ်တွေခံနေရတယ်။ ပြည်သူလူထုရဲ့ဝမ်းကတော့ "သူ့ဝမ်း" ပဲ။ "သူ့ဝမ်း" က အလုပ်လက်မဲ့ဒဏ်၊ ပစ္စည်းဈေးတွေကျပေမယ့် ဝင်ငွေနည်းသွားလို့ မဝယ်နိုင်တဲ့ဒဏ်၊ အိုးမဲ့အိမ်မဲ့ဖြစ်ရတဲ့ ဒဏ်တွေ ခံကြရတယ်။ "နိုင်ငံတော်စစ်တပ်" ကတော့ စစ်သားတွေ များလာတော့တာပေါ့။ အမေရိကန်သမ္မတဘုရှ် လက်ထက်မှာ ကတည်းက ဖြစ်ခဲ့တာပါ။ တချို့ အမေရိကန်တွေဆိုရင် ဒါတို့နိုင်ငံမှ ဟုတ်သေးရဲ့လားလို့တောင် ခံစားမိကြတယ် ဆိုပါတယ်။

သမ္မတအိုဘားမားအနေနဲ့ တရုတ်ကားတာယာတင်သွင်းတဲ့အပေါ် အခွန်နှုန်း ၃၅% သတ်မှတ်လိုက်တဲ့ကိစ္စကို မိုက်မဲတဲ့ ဆုံးဖြတ်ချက်အဖြစ် အများက ဝေဖန်ကြပါတယ်။ ဒီကိစ္စသက်သက်ကိုတော့ ပြဿနာကြီးအဖြစ် မပြောကြပါဘူး။ နောက်ဆက်တွဲ ပြဿနာတွေအတွက် စိုးရိမ်လို့ ပြောနေကြတဲ့သဘောပါ။ တခြားလုပ်ငန်းကြီးတွေ၊ တခြားနိုင်ငံတွေကပါ လိုက်လုပ်ကြမှာတွေ ဖြစ်လာနိုင်ပါတယ်။ ကိုယ့်ပါးလာကိုက်လို့ သူ့နားပြန်ကိုက်တာတွေလည်း ဖြစ်လာနိုင်ပါတယ်။ ကုန်သွယ်ရေးစစ်တရပ် ပေါ်လာနိုင်တယ် ဆိုတဲ့ သတိပေးသံတွေလည်း တိုးပွားလာပါတယ်။ ၁၉၃၀ လွန်ခေတ်က အမေရိကန်ချမှတ်ခဲ့တဲ့ Smoot - hawley Tariff Act ပိတ်ဆို့မှု ပေါ်လစီလို ဆိုးကျိုးတွေ ဖြစ်လာစေလိမ့်မယ်လို့ ပြောသူတွေ ရှိလာပါတယ်။ တရုတ်ကလည်း အမေရိကန်နိုင်လွန်ပစ္စည်းဆိုင်ရာ သွင်းကုန်တွေအပေါ် ၃၆% အခွန်ကောက်မယ်လို့ ၂၀၀၉ ခု အောက်တိုဘာလမှာ သတ်မှတ်တာတွေ လုပ်လာပါတယ်။ ဒီလို ပြဿနာတွေဟာ အမေရိကန်နဲ့ တရုတ်ကြားမှာသာ ဖြစ်နေတာတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ ကမ္ဘာ့ထိပ်သီးအင်အားကြီးဖြစ်တဲ့ အမေရိကန်ရဲ့ ခြေလှမ်းဟာ ဂယက်ရိုက်မှုစွမ်းအား ကြီးမားပါတယ်။ ဘရာဇီးလ်တို့၊ အိန္ဒိယတို့လည်း အလားတူပေါ်လစီတွေ လုပ်တော့လုပ်ပေမယ့် ဂယက်ရိုက်မှု မကြီးမားနိုင်ပါ။

လက်ရှိစီးပွားရေးကပ်ဟာ L ပုံစံဖြစ်လာလိမ့်မယ်၊ အခြေအနေပိုယွင်းလာမယ်၊ ရှည်ကြာလိမ့်မယ်လို့ ခန့်မှန်းသူတွေလည်း ရှိပါတယ်။ နယ်ချဲ့နိုင်ငံကြီးတွေရဲ့ နိုင်ငံရေးခြေလှမ်းဟာ စီးပွားရေးအဆောက်အအုံကို အခြေခံတာပါ။ 'အကြမ်းဖက်ဆန့်ကျင်ရေး' 'လူ့အခွင့်အရေး' နဲ့ တခြားဘာ 'အရေး' ကိုမှ အခြေခံတာ မဟုတ်ပါဘူး။ စီးပွားရေးအကျပ်ဆိုက်မှုကနေ နိုင်ငံရေးအကျပ်ဆိုက်မှုတွေ ဖြစ်လာစရာ ရှိပါတယ်။ (၂၀၀၉ ခုနှစ်မတ်လထဲမှာ ဒါကို ဘန်ကီမွန်းက သတိပေးခဲ့တယ်။) နိုင်ငံရေးနဲ့မရရင် စစ်ရေးနဲ့ ဖြေရှင်းကြတတ်ပါတယ်။ ဒီအမြင်နဲ့ ကမ္ဘာ့အရေးအခင်းကို ကြည့်သင့်ပါတယ်။ အထူးသဖြင့် လက်ရှိဗမာပြည်နိုင်ငံရေးမှာ အမေရိကန် ပါလာနေတာကို ကြည့်သင့်ပါတယ်။ "နိုင်ငံတကာအသိုင်းအဝိုင်း" ဆိုတာ အတော်များများ ကိစ္စတွေမှာ အမေရိကန်အမူးပြုတဲ့

အင်အားကြီးနိုင်ငံများ အသိုင်းအဝိုင်းလို့ အဓိပ္ပာယ်ရပါတယ်။ ကိုဆိုဗိုအရေးအခင်းနဲ့ အီရတ်အရေးအခင်းတွေမှာ အထူးပေါ်လွင်ပါတယ်။ ကုလသမဂ္ဂတောင် ထည့်မတွက်ပါဘူး။ ဘက်မလိုက်နိုင်ငံများကိုလည်း ထည့်မတွက်ပါဘူး။

စီးပွားရေးအင်အား၊ နိုင်ငံရေးအင်အား၊ စစ်အင်အားနဲ့ တခြားအသက်သွေးကြောအင်အားမှန်သမျှကို လက်ထဲကိုင်ပြီး အလုပ်လုပ်နေနိုင်တာက ပြည်သူများ မဟုတ်ပါဘူး။ အုပ်စိုးသူလူတန်းစား၊ ကမ္ဘာ့အဝန်းအဝိုင်းအရဆိုရင် လက်ဝါးကြီးအုပ်ဓနရှင်ကြီး လူတန်းစားသာ ဖြစ်ပါတယ်။ အရေးအခင်းတွေကို သူတို့က ဖန်တီးနေကြတာပါ။ မီဒီယာဆိုတာလည်း သူတို့က အုပ်စီးထားပါတယ်။ ဒါကြောင့် လုပ်သမျှ၊ ပြောသမျှ တင့်တယ်နေနိုင်ကြတာပေါ့။ ဆင်သွားရာလမ်းဖြစ်သလို ရှိနေကြတာပေါ့။

အရေးအခင်းကို သူတို့က ဖန်တီးနိုင်ပေမယ့် သမိုင်းကိုတော့ ပြည်သူကပဲ ဖန်တီးတာပါ။ ဗီယက်နမ်အရေးအခင်း၊ အီရတ်အရေးအခင်းတွေရဲ့ နောက်ဆုံးရလဒ်ကို ကြည့်ပါ။ နယ်ချဲ့ဆန့်ကျင်တဲ့ ပြည်သူများက သတင်းမျက်နှာဖုံးများ နောက်ကွယ်က ဖန်တီးလိုက်တာပါ။

ဘယ်နိုင်ငံက ပြည်သူမဆို အမေရိကန်ပြည်သူတွေအပါအဝင် နယ်ချဲ့စနစ်ကို ဆန့်ကျင်ပါတယ်။ ဘယ်ပြည်သူအတွက်မဆို အကျိုးမဲ့စေလို့ပါပဲ။ နယ်ချဲ့စနစ်က လက်ဝါးကြီးအုပ်ဓနရှင်ကြီးလူတန်းစားကို အကျိုးပြုပါတယ်။ ဗမာပြည်က စစ်ဗျူရိုကရက် လက်ဝါးကြီးအုပ် အရင်းရှင်လူတန်းစားဟာ နယ်ချဲ့ဆန့်ကျင်ရေးလက္ခဏာ မရှိပါ။ ဒါကြောင့် သတိရှိဖို့ လိုပါတယ်။

အရင်းရှင်စနစ်ဟာ ထာဝရစနစ်တရပ် မဖြစ်နိုင်ပါ။ ဒါပေမဲ့ သူ့မှာ ဖွံ့ဖြိုးစရာ၊ ရှင်သန်စရာ နေရာလပ်တွေ ရှိနေပါသေးတယ်။ သူ့ရဲ့စီးပွားရေးကပ်၊ နိုင်ငံရေးကပ်တွေကို တနည်းနည်းနဲ့ ကျော်လွှားနေနိုင်ပါလိမ့်ဦးမယ်။ ဘယ်လိုပဲဖြစ်ဖြစ်၊ ဘယ်အရေးအခင်းမျိုး ဖန်တီးလာတာပဲဖြစ်ဖြစ်၊ ပြည်သူလူထုဘက်ကရပ်တည်၊ ပြည်သူလူထုကို အားကိုးအားထားပြုပြီး နည်းမျိုးစုံနဲ့စည်းရုံးဖွဲ့စည်းမှုတွေလုပ်ပြီး နိုင်ငံရေးလှုပ်ရှားမှုတွေ လုပ်နိုင်ရင် ဘယ်လောက်အင်အားကြီးတဲ့ ရန်သူကိုမဆို နောက်ဆုံးမှာ နိုင်ပါတယ်။

၆ - ၁ - ၂၀၀၉

www.cpburma.org